မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊

# လက်ဆည်ကန်ကျေးရွာ

သာသနာနှစ် ၂၅၆၁ ခုနှစ်

လက်ဆည်ကန်

မကွေးတိုင်းဒေသကြီး

# ကျေးရွာလက်စွဲစာအုပ်

(၁)ရက်၊ ဇွန်လ ၂၀၁၇ ခုနှစ်

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်သည် ရပ်ကွက်(၃)ခု၊ ကျေးရွာအုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု (၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉)ရွာ တည်ရှိ၍ (၇၈၅. ၆၆၀) စတုရန်းမိုင်ရှိပါသည်။ ၂၀၁၆ အစိုးရအသစ် လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည်ဖွံ့ဖြိုး တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာ မူဝါဒရေးရာ ပြောင်းလဲခြင်းမျိုး မဟုတ်ဘဲ အမှန်တကယ် မြေပြင်မှာ ပြုပြင်ပြောင်းလဲမှုရဲ့ အသီးအပွင့် တွေကို ပြည်သူအများခံစားရရှိနိုင်ဖို့ဟာ အဓိကကျပါတယ်။ အဲဒီလိုပြည်သူအများ ရဲ့ လူမှုစီးပွားလိုအပ်ချက်ကို အဓိကထား ဖြည်းဆည်းပေးနိုင်ဖို့အတွက် ဗဟိုဖွံ့ဖြိုးရေး (People- Centered Development) လုပ်ငန်းတွေကို အောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်းဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ လူမှုစီးပွားလိုအပ်ချက်တွေကို ပြည်သူ့အသံ၊ ပြည်သူဦးစားပေးလိုအပ်ချက်တွေနဲ့အညီ ဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာ တာဝန်ခံယူမှုရှိတဲ့ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူများရဲ့ဦးစားပေး ဆောင်ရွက်ချက်တွေကို ဖော်ထုတ်ဆောင်ရွက်ရာမှာ ပြည်သူအများ ပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကို လေ့လာသုံးသပ်၊ ဦးစားပေး လုပ်ငန်းများ ရွေးချယ်ပြီး ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူ ဗဟိုပြည် စီမံကိန်းများ အဖြစ် အကောင်အထည် ဖော်နိုင်မှာဖြစ်ပါသည်။ သို့မှသာ ကျေးရွာအစီအစဉ်မှကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Regional Comprehensive Development Plan) ကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။

# ကျေးဇူးတင်စကားပြောကြား

မကွေးတိုင်းဒေသကြီးပခုက္ကူခရိုင်မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု ကျေးရွာ အုပ်စု (၈၀)အုပ်စု စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၃)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၁ မိုင်) ကျယ်ဝန်း ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အချိန်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အောက်မှသာမဟုတ်ဘဲ အောက်ခြေမှ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားနိုင်ဖို့ လိုအပ် ကျပါတယ်။ အဲဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်တို့အတိုင်း ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းစဉ်တွေကိုအကောင်အထည်ဖော်ဖို့ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဝန်ထမ်းများအနေနဲ့ပြည်သူအများရဲ့ လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံမြည်သံများ ပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဝန်ခံမှုရှိတဲ့ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ် ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဝင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဝင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအစဉ်များ ရေးဆွဲနိုင်မှသာပြည်သူအများ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကနေ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် တိုင်း တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အညီ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ မြန်မာ့ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အောဒ်မြန်မာတို့ ပူးပေါင်း၍ **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရ ပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားဖို့နဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေဒ် မြန်မာ၏ပံ့ပိုးမှုဖြင့် မြို့တစ်မြို့နယ်လုံးအတိုင်းအတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အရေးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခု ဖြစ်ထွန်း လာဖို့အတွက် ဝန်းအတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ် စံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (GoodGovernance) ၏ အခြေခံအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစု၏သဘောကိုရှေးရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

CamScanner

# မာတိကာ

၁။ ကျေးဇူးတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ (မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့် စာရွက်)

၃။ မိတ်ဆက် - - -

- ဦးအောင်မင်းနိုင်လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲခြင်းရည်ရွယ်ချက်၊

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၊

၇။ ရာသီခွင်ပြဇယား။

၈။ ပြဿနာသစ်ပင်နှင့် ဖြေရှင်းမှုစက်ကွင်း။

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ၊

၁၀။ အနာဂတ်မျှော်မှန်းချက်မြေပုံ၊

၁၁။ ထူးခြားဖြစ်စဉ်ပြမြေပုံ၊

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြဇယား။

၁၃။ လုပ်ငန်းအကောင်အထည်ဖော်ဇယား (Action plan)။

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်
သတ်မှတ်ထားမှုဇယား

၁၅။ အခြေခံ သတင်းအချက်အလက်ဇယား။

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း၊ စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက် ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ် ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွင်လည်း ActionAid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ် ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှု များကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှ လည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

ဒေအာင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

၀၉၇၇၉၄၄၀၂၆၉၇၊ ၀၆၂ ၆၀၄၀၂

CamScanner

## ကျေးရွာအုပ်ချုပ်ရေးမှူး၏အတည်ပြု ထောက်ခံချက် မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ /သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ ၊ ကျေးရွာ၏ လိုအပ်ချက်များ နှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘောပေါက်လာခဲ့ပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင်တတ်သိပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသအတွင်းရှိ ဌာနဆိုင်ရာများ နှင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောက်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ . . . ယခုကဲ့သို့ ကျေးရွာသူ၊ ကျေးရွာသားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အများအယွင်းနည်းစွာဖြင့် ရေတိုရော ရေရှည်မှာပါ ပို၍ ထိရောက်အောင်မြင်မှာမလွဲပါ။

ထို့ပြင် မှတ်တမ်းတင် ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာ အကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ် ကျေးရွာသူ ကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်း ဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သည့် ပညာရှင်များပင် ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
လက်ဆည်တန်ကျေးရွာ
မြိုင်မြို့နယ်

## ကျေးရွာအုပ်ချုပ်ရေးမှူး၏အတည်ပြု ထောက်ခံချက် မှတ်တမ်း

ဤမှတ်တမ်းပါ အကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ ကျေးရွာသူ /သား များကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ ၊ ကျေးရွာ၏ လိုအပ်ချက်များ နှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့် အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန်လိုအပ်နေမှုများကို သေသေချာချာ နားလည်သဘောပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် တတ်သိ ပညာရှင်များနှင့်လည်းကောင်း၊ မိမိတို့ဒေသအတွင်းရှိ ဌာနဆိုင်ရာ များနှင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောက်ရွက် လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ . . . ယခုကဲ့သို့ ကျေးရွာသူ၊ ကျေးရွာသားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရော ရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာမလွဲပါ။

ထို့ပြင် မှတ်တမ်းတင် ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး အကျိုးဆောင်လူငယ်များနှင့် ကျေးရွာသူ/ကျေးသားများ အက်ရှင်အေ့ဒ် (မြန်မာ)မှ ကွင်းဆင်းဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သည့်ပညာရှင်များပင် ဖြစ်ပါတော့သည်။

ဦးဌေးလွင်
ကျေးရွာအုပ်ချုပ်ရေးမှူး

# မြေပုံများ ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီး ဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်း ရှိသောအိမ်စသည့်ဖြင့်)
- ကျေးရွာ၏ လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေ ရရှိနိုင်မှု အနေအထားများ။
- ကျေးရွာ၏ စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့် သဘာဝ အရင်းအမြစ်များ ရရှိနိုင်မှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏ တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လုပ်ငန်းများ ဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/ စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအား သတ်မှတ် ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်။

## ရာသီစဉ်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါ ကျရောက်မှု အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှု သိရှိနိုင်ရန်။
- ကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။

CamScanner

- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့် ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

**ကျေးရွာ၏ ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်**

- ကျေးရွာ၏ အခက်အခဲပြဿနာများ ဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်အခက်အခဲများသဖွယ် ဖြာထွက်လာသော အကျိုးဆက်များနှင့် အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက် ဖြစ်ပွားမည့်မျိုးစေ့နှင့် လက်ရှိပြဿနာ သစ်ပင်ပေါက်ပွားမှုအား ဖယ်ရှားသုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ " ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်" ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ် ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင် ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီး တတ်သိပညာများနှင့် ပူးပေါင်းကာ နည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့်များပြားကြီးမားသောကြောင့် တစ်ခုနှင့် တစ်ခုဆက်နွှယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေကြောင်း သိသာထင်ရှားလာစေရန်။

CamScanner

- "သို့သော် အနာသိက ဆေးရှိသည်" ဟူသောလောက ဓမ္မတာအတိုင်း အနာကို အတိအကျ သိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင် ကုသရန် ဆေးညွှန်းကို တိကျစွာ ဖော်စပ်လာနိုင်စေရန်။

**ပြဿနာစဖြေရှင်းမှုစက်ကွင်းစရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် ရည်ရွယ်ချက်**

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်း ဖြေရှင်း အဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/ သားများ၏ အတွေးအမြင်၌ မမြင်နိုင်ဟူသော သံသယသည် ကင်းစင် ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်း များကို ကြံဆနိုင်စေရန်။

**ထူးခြားဖြစ်စဉ်ပြဇယား ရည်ရွယ်ချက်**

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/ သားများကို အခက်အခဲ အကြပ်အတည်း တွေ့စေခဲ့သော ခုနှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ် မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလ အထိ အခက်အခဲ အကြပ် အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲဖြစ်ပေါ်လာနိုင်ခြေကို သိရှိသွားပြီးကြိုတင်ပြင်ဆင်ကာကွယ်မှုလုပ် ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ /သားများ အခက်အခဲ အကြပ်အတည်းများဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာ ရယူနိုင်ရန်နှင့် ကြိုတင် ကာကွယ်မှုများ ပြုလုပ်ရန် အသိများရရှိစေရန်။

CamScanner

- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ဒွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဒေသသည် မိုးခေါင်ခြင်း သီးနှံများ ပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့်စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော အချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟုအမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများကထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့် ကြိုတင် ပြင်ဆင်ကာကွယ်ခြင်းနည်းလမ်းများကို ရှာဖွေ၍ရပ်ရွာ၏ မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေးမကောင်းရမှု၊ပညာရေးနှောင်နှေးရမှု။ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ်ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ်စေနေသည့်ကိုထင်ရှားသိစေရန်။
- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့် ယူသော်မရ အများအားဖြင့်ယူသော်ရ၏ဟူသော လမ်းညွှန်းဆုံးမမှုအတိုင်း မိမိမသိသူကို သိသူကမိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာ ဖြေရှင်းမည့် နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုပ်ဝန်ပိုးသည် ဆွဲအားအောက်သို့ သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများတည်းဟူသော မိုးပျံပူပေါင်းများက ဆွဲမလိုက်၍ အောက်ဆွဲအားကိုဆန့်ကျင် ဖယ်ရှားလျှက် အထက်သို့ ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကိုဥပမာတင်စား၍ ရှင်းလင်းအဖြေရှာ တင်ပြခြင်းနားလည်စေခြင်း။

CamScanner

- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အား သက်ရောက်မှုစက်ကွင်းဟု ခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

### အနာဂတ်မျှော်မှန်းချက်ပြမြေပုံ ရေးဆွဲခြင်း ရည်ရွယ်ချက်

- အိပ်မက်မြေပုံသည် ကျေးရွာနှင့် ရွာသူရွာသားတို့သည် လူမှုစီးပွားအခြေအနေ အရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ ဆန္ဒနှင့်သဘောထား တို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများ ကိုယ်တိုင် ပုံဖော်ကြည့်မည့် အစီအစဉ်များအား အဓိကထား၍မျှော်မှန်းကာ အနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပာယ်အရှိဆုံးဖြစ်လာစေရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

### ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့် အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက် များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိမ်မက်များကို အမှန် တကယ် ရရှိလာနိုင်ရန်အတွက် တိကျ သေချာသော တာဝန်ခွဲယူမှုနှင့် မည်သို့လုပ်ဆောင်ကြမည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့် အချိန်တွင် လုပ်ဆောင်ကြမည်များကို ကျေးရွာ သူ/သားများကို ကိုယ်တိုင် **တာဝန်ခွဲဝေ သတ်မှတ် ကြခြင်းဖြစ်ပါသည်။**

### အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်း ရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/ သက်ကြီး (ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေ တို့ကို

မှတ်တမ်းတင်ထုတ်ပြန်ခြင်း အစောင်အစဲများအား လေ့လာသုံးသပ်နိုင်သော မီဒီယာများနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အမှန်တကယ်နှင့် ရွေးကောက်ပွဲများ ပြုလုပ်ကြောင်းပြသစေရန်၊

- " မှတ်ပုံတင်သောအခါသည် ကျွန်ုပ်တို့ ကိုယ်စားပြုနိုင်သော ရွေးကောက်ခံရန် ရွေးကောက်ပွဲ အခွင့်သည်" ဟူသည့် အချက်များအား ပြည်သူလူထုအားလုံး သိရှိနားလည်နိုင်စေရန်၊

- ကျား၊ မ တန်းတူညီမျှမှု ရပ်ရွာမှ အမျိုးသမီးတော်တော်များ ပိုမိုပါဝင်လာစေရန် ပမာဏကျော်နိုင်ရန်၊ ဥပမာ အစိမ်း အနီ အကျား အမျိုးသားပါဝင်သည် ဦး အမ်တိုး အမေ အဖိုး ဦးစီးတို့နှင့် အတူတူပင် ရွေးကောက်ပွဲများ ပြည်သူ့ကြောင်း ထင်ရှားသိသာကြစေရန်၊

## ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

- ❖ ကျေးရွာအမည် - လက်ဆည်ကန်ကျေးရွာ
- ❖ ကျေးရွာအုပ်စု - လက်ဆည်ကန်အုပ်စု
- ❖ မြို့နယ် - မြိုင်မြို့နယ်
- ❖ တိုင်းဒေသကြီး - မကွေးတိုင်းဒေသကြီး
- ❖ မိသားစု စုစုပေါင်း - (၅၅၀)ဦး
- ❖ အိမ်ထောင်စု စုစုပေါင်း - (၅၂၀) ဦး

### အသက်အပိုင်းအခြားအလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၁၀၄၂ | ၁၂၂၅ | ၂၂၆၇ |
| ၀ မှ ၅ နှစ်အောက် | ၁၀၇ | ၉၉ | ၂၀၆ |
| ၅ မှ ၁၃ အောက် | ၁၄၄ | ၁၄၀ | ၂၈၄ |
| ၁၃ မှ ၁၈ နှစ်အောက် | ၉၀ | ၁၁၁ | ၂၀၁ |
| ၁၈ မှ ၃၅ နှစ်အောက် | ၃၁၇ | ၃၇၈ | ၆၉၅ |
| ၃၅ မှ ၆၀ အောက် | ၂၈၉ | ၃၇၁ | ၆၆၀ |
| ၆၀ နှစ် နှင့် အထက် | ၉၅ | ၁၂၆ | ၂၂၁ |
| | | | |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစုစုစုပေါင်း | ၅၀ | ၄၃ | ၉၃ | |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | ၃၂ | ၄၈ | ၈၀ | |
| မသန်စွမ်းဦးဆောင်မိသားစု | ၅ | ၉ | ၁၄ | |

### အဓိက အသက်မွေးဝမ်းကြောင်း နှင့် ပတ်သက်သော ပိုင်ဆိုင်မှုများ

- ဆိုင်ကယ် - ၄၀၀
- ဖုန်း - ၇၀၀
- နွားလှည်း - ၂၄၀
- နွားလှည်း (ရေစည်) - ၁၅၀
- တီဗွီ - ၁၀၀
- စက်ဘီး - ၇၀
- ဂြိုလ်တု စလောင်း - ၈၀

- နွားစာစဉ်းစက် - ၁၅
- ဆီကြိတ်စက် - ၃
- အပ်ချုပ်စက် - ၁၀
- ရွှေလှေ့စက် - ၂
- ရိတ်သိမ်းစက် - -
- လယ်ထွန်စက် - ၅
- လက်တွန်းထွန်စက် - ၃
- သုံးဘီး - -
- ထော်လာဂျီ - ၂
- ကား - ၅
- ရေနံတူးစက် - -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- နွား (ခိုင်း) - ၄၅၀
- နွား (မွေး) - ၅၀
- ဝက် - ၅၅
- ကြက်ခြံ - -
- ဆိတ် - ၂၇၀၀

ရွှေ့ပြောင်းလုပ်သားဦးရေ

- ပြည်တွင်း - ၅၀
- ပြည်ပ - ၁၅

စိုက်ပျိုးမြေပိုင်ဆိုင်မှု (ဧက)

- လယ်မြေ - ၁၅
- ယာမြေ - ၁၇၀၀
- ဥယျာဉ်ခြံ - ၁
- ပလပ်မြေ /ကျစ်မြေ -

- သနပ်ခါးစိုက်ပျိုးမြေ - ၅၀၀
- စကျင်မြေ - ၁၀၀
- သစ်တောမြေ - ၅၀

**သောက်သုံးရေ ရရှိမှု**

- အဝီစိရေတွင်း - ၂
- ရေလှောင်ကန် - -
- ဝေ့ကျယ် ရေတွင်း - ၁၀၀
- မြေသားရေကန် - ၂
- မြစ် - -
- ချောင်း - ၂
- ဆည် - -
- လက်နှိပ်တုံကင် - -
- ရေပိုက်လိုင်းသွယ် - -

**အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိစိုက်လွယ်အုပ်စု အမျိုးအစားအရေမှတ်တမ်း**

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၂၀၀ |
| ၂ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | ၁၅၀ |
| | • ထန်းပင် (၂၀ မှ ၅၀)ကြား ပိုင်သူ | ၅၀ |
| | • ထန်းပင် (၅၀ မှ ၁၀၀)ကြား ပိုင်သူ | ၄၀ |
| | • ထန်းပင် (၁၀၀) အထက်ပိုင်သူ | ၁၀ |
| ၃ | ထန်းလုပ်သား | ၁၅ |
| ၄ | ဈေးရောင်း | |
| | • အကြော် / ပဲပြုတ် | ၁ |
| | • ဟင်းသီးဟင်းရွက် | ၁ |
| | • ကုန်စုံဆိုင် (အကြီး) | ၃ |
| | • ကုန်စုံဆိုင် (အသေး) | ၁၀ |
| | | |

| | | |
|---|---|---|
| ၅ | လယ်ယာပိုင်သူ | ၂၅ |
| | • လယ် / ယာ (၁)ဧက အောက်ပိုင်သူ | ၁၀၀ |
| | • လယ် / ယာ (၂)ဧက အောက်ပိုင်သူ | ၁၁၀ |
| | • လယ် / ယာ (၃)ဧက အောက်ပိုင်သူ | ၉၀ |
| | • လယ် / ယာ (၄)ဧက အောက်ပိုင်သူ | ၇၀ |
| | • လယ် / ယာ (၅ မှ ၉)ဧက ကြား ပိုင်သူ | |
| | • လယ် / ယာ (၁၀)ဧက အထက်ပိုင်သူ | |

**ပညာရေးအခြေအနေ**

ကျောင်းအမျိုးအစား / ဝန်ထမ်း

- ကျောင်းဆရာ / ဆရာမဦးရေ
- မူကြို - -
- မူလတန်း - ၅
- မူလွန် - -
- အလယ်တန်း - ၂
- အထက်တန်း

**ပညာတတ်မြောက်မှု**

- ဘွဲ့ရ - ၁၀
- အထက်တန်းအောင် - ၁၂
- အထက်တန်း - ၇၀
- အလယ်တန်းအောင် -
- အလယ်တန်း -
- မူလတန်းအောင် -
- မူလတန်း -
- သတ -
- ပညာမတတ် - ၅၀
- အသုံးလုံး - ၇၀

ကျန်းမာရေး

- ဆေးခန်း - ၁
- အရံသားဖွား - ၁
- ဆေးဆရာ - ၃
- သူနာပြု - ၁
- တိုင်းရင်းဆေး - ၁
- အရပ်လက်သည် - ၁
- ဘိန်းတော - ၂

ကျန်းမာရေးဆိုင်ရာအခြေအနေ

- အိမ်သာအသုံးပြုသော မိသားစု - ၄၂၀
- အဖြစ်များသော ရောဂါများ - TV သွေးလွန်တုပ်ကွေး၊ ဆီးချို
  နှလုံးသွေးကြောကျဉ်း

မသန်စွမ်း

- ခြေတစ်ဘက် - ၂
- ခြေနှစ်ဘက် - -
- လက်တစ်ဘက် - ၂
- လက်နှစ်ဘက် - -
- ဆွံ့အ - ၅
- နားမကြား - ၂
- မျက်မမြင် - ၅
- ကျပ်မပြည့် - ၃

**အလုပ်အကိုင် ဆိုင်ရာများ**

- တောင်သူ - ၂၂၅
- ထန်းတက်သူ - ၁၀
- စက်ပြင်သူ - ၂
- ပန်းရံ လက်သမားလုပ်သူ - ၂၅
- လက်မှုပညာလုပ်ကိုင်သူ - ၂
- ထန်းသာဖျင်းသူ - ၁၅
- ကျောက်ထုသူ - -
- မုန့်လုပ်သူ - -
- အကြော်ကြော်ရောင်းသူ - ၂
- ယက္ကန်းယက်သူ - ၃
- ပန်းဘဲပြုလုပ်သူ - ၁
- ရေနံဖော်သူ -

CamScanner



CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၏သုံးသပ်ချက်

**တည်နေရာ -**

လက်ဆည်ကန်ကျေးရွာသည် မြိုင်မြို့နယ်၏ အရှေ့ဘက်(၁၃) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မြိုင်မြို့နယ် အရှေ့ဆုံးသောနယ်နိမိတ် ဖြစ်ပါသည်။ ရွာ၏တောင်ဘက်တွင် ဒေါင်အိုကြီးကျေးရွာတည်ရှိပြီး (၁) မိုင် (၄)ဖာလုံခန့် ကွာဝေးပါသည်။ မြောက်ဘက် (၂) မိုင်(၄)ဖာလုံခန့်တွင် ထနောင်းခလှကျေးရွာတို့တည်ရှိပါသည်။ အရှေ့ဘက်တွင် ကန်ပေါက် (၂)မိုင်ခန့်၊ အနောက်ဘက် (၃)မိုင်ခန့်တွင် အိုးပြွန်ရွာတို့ အသီးသီးတည်ရှိပါသည်။

**ကျေးရွာသမိုင်း**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်အုပ်စု၊ လက်ဆည်ကန်ကျေးရွာသည် မြိုင်နယ် အရှေ့ဖျားတွင် တည်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ရွာ၏အရှေ့ဘက်ကို လှမ်းမျှော်ကြည့်လျှင် စိန်းလမ်းစိုပြေ ညို့မှိုင်းအုပ်ဆိုင်းပြီး ရှုမငြီး သနပ်ခါး အရောင်ခင်းတဲ့ ရှင်မတောင်တန်း တွေအပေါ် ကမ္ဘာ့ဌာန်းရှုလို့ အမြတ်စခန်းဆုကို တက်လှန်း နိုင်တဲ့ တောင်တန်းကြီး အရောင်လွှမ်း နေတာကို တွေ့မြင်ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ လက်ဆည်ကန်ကျေးရွာသည် မြိုင်မြို့နှင့် (၁၃)မိုင်ခန့်ဝေးကွာပြီး ခေတ်အဆက်ဆက် ဘယ်လိုပင်ပြောင်းသွားသော်လည်း ကျွန်တော်တို့ လက်ဆည်ကန်ကို အမြဲထာဝရအနှိမ့်ချခံရတာကိုပဲ တွေ့မြင်ရလေ့ရှိပါသည်။ ယခု အချိန်တွင်လည်း ထို့ကဲ့သို့ အပယ်ခံရွာလေးတစ်ရွာဖြစ်ပြီး ပညာရေးပိုင်းဆိုလျှင်လည်း ဘယ်အစိုးရမှ အထောက်အကူ မရရှိခဲ့ပါဘူး။ ကျွန်တော်တို့ ရွာသည်ယခု အိမ်ထောင်စု(၅၂၁ )ရှိပြီး လူဦးရေ (၂၄၇ ) ကျော်ရှိပါသည်။ ကျွန်တော်တို့လက်ဆည်ကန်အုပ်စုသည် ကျေးရွာလေးရွာရှိနေပြီး အခြား ကျေးရွာများသည်လည်း ဘေးပတ်ဝန်းကျင်မှခြံရံလျက်ရှိသည်ကို တွေ့မြင်ရမှာဖြစ်ပြီ ကျွန်တော်တို့ရွာနှင့် (၄)မိုင်ပတ်လည်အကွာမှာ ရွာပေါင်း(၇) ရွာတည်ရှိနေခြင်းကြောင့် ယခုလို ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နေသော အချိန်ဖြစ်နေပေမဲ့ အလယ်တန်းကို ပင်ဖွင့်လှစ်ပေးခြင်းမရှိသေးပါဘူး။ ဒါကြောင့်ကျွန်တော်တို့မှာ နယ်စွန်နယ်ဖျားမှာတည်ရှိနေသော ကျေးရွာများသည် ပညာတတ်အလွန်နည်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် အလွန်ပင် နှောင်နှေး နေရသည်ကို ထုတ်ဖော်ပြသလျှက်ရှိပါသည်။

ကျွန်တော်တို့လက်ဆည်ကန်ကျေးရွာကို ယခုလိုရွာကြီးဖြစ်လာစေရန် လွန်ခဲ့သော နှစ်ပေါင်း (၁၅၇)မနှစ်ခန့်မှ သက္ကရာဇ်(၁၂၂၀)ခုနှစ်တွင်ရွာသူကြီးဦးချင်းတောင်မှ အိမ်ခြေ(၁၅)လုံးဖြင့် စတင်တည်ထောင်ခဲ့ပါသည်ဟု သိရှိရပြီး အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရပါသည်။လက်ဆည်ကန်ကျေးရွာကို မတည်ထောင်မီယခုရွာ၏ အရှေ့မြောက်ဘက်တွင် ချင်းလူမျိုးများနေထိုင်ကြောင်းနှင့် အရှေ့ဘက်တွင် တလိုင်းလူမျိုး များနေထိုင်ကြောင်းကိုလည်း သိရှိရပါသည်။ထိုနောက်တွင် ယခုလို လက်ဆည်ကန် ကျေးရွာ ဟု မှည့်ခေါ်ပြီးအိမ်ခြေ (၅၂၀ ) ဖြင့် တည်ရှိနေခြင်းဖြစ်ပါသည်။

CS CamScanner

**လူမှုရေးအခြေအနေ**

မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးအုပ်စု၊ လက်ဆည်ကန်ကျေးရွာသည် အစဉ်အမြဲ အုပ်စုဖြစ်လျက်ရှိနေပါသည်။ ၎င်းအုပ်စုမှာ လေးရွာဖြစ်ပြီး ဤလေးရွာထဲမှာ လက်ဆည်ကန်ရွာသည် အိမ်ခြေပေါင်း (၅၂၀)ရှိပြီး၊ လူဦးရေမှာ(၂၂၉၇) ၎င်းအရေအတွက်ထဲမှာ ယောကျ်ားလေး ဦးရေ (၁၀၄၂)နှင့် မိန်းကလေးဦးရေမှာ (၁၂၅၅)ဖြစ်ပြီး ထိုလူဦးရေ အားလုံးတို့ သည်ရေနီနီ မြေနီနီဖြစ်လို့ မြေနီနီပေါ်မှာနေကြပြီးရေနီနီတွေကိုသောက်၍ နေကြရသော်လည်း၊ လက်ဆည်ကန်ရွာသူရွာသားအားလုံးတို့သည် စိတ်ထားကောင်းကြပြီး အပြောအဆိုကတော့ ခက်ထန်ကြမ်းတမ်းမှုများဖြစ်နေပြီး စိတ်ထားစေတနာကောင်းကြပါသည်။အပြောအဆိုကတော့ လူအများကြီးထဲမှာခက်ထန်မှု၊ ကြမ်းတမ်းမှု ရှိနေတယ် ဆိုတာက အတန်း ပညာတတ်မြောက်မှု ဦးရေအလွန်နည်းပါးလှပါသည်။ဘွဲ့ရပြီးသူကတော့ ယခုလက်ရှိ (၁၅)ယောက်ရှိပါသည်။ ထို့ကြောင့် ဤကျေးရွာအတွက် လူမှုရေးအခြေအနေ၊ ပြောဆိုနေထိုင်ဆက်ဆံရေး၊ စားဝတ်နေရေး တွေကို ကြိုးစားရုန်းကန်လုပ်ကိုင်ရှာဖွေစားသောက်နေထိုင်ကြရပါသည်။

**စီးပွားရေး**

ကျွန်တော်တို့ရဲ့ လက်ဆည်ကန်ကျေးရွာသည် (၁၂၂၀) ခုနှစ်မှ စတင်တည်ထောင်ခဲ့သည်ဟု တဆင့်နှင့် တဆင့် သိခဲ့ရပါသည်။ ထိုကဲ့သို့ နှစ်ပေါင်း (၁၅၇၂) ခုနှစ်တာ ရှိခဲ့သော်လည်း ရှေးမူတွေ ဟန်တွေက မပြောက်မပျက် တည်ရှိနေဒါတွေကိုလည်း တွေ့မြင်နေရပါသည်။ စီးပွားရေး လုပ်ငန်းတွေမှာ ခေတ်မှီဖွံ့ဖြိုးတိုးတက်မှုတွေ လုံးဝမရှိခြင်း လူနေမှုအဆင့်အတန်းတွေ ပြောင်းလဲလာခြင်းလည်း အဆင့်မမှီ ရှိနေပါသည်။ ဒါတွေကို ပြန်ကြည့်ခြင်းအားဖြင့် ကာယစွမ်းအား ကို အသုံးပြု၍ လုပ်ကိုင်သူများလွန်းလို့ ဖြစ်နေပါတယ်။ ဉာဏ စွမ်းအားကို အသုံးမပြုနိုင်ခြင်းကြောင့် အခုလို စီးပွားရေးအခြေအနေ ပြောင်းလဲတိုးတက်မှုမရှိပါ။ ငွေရင်းပြီး စီးပွားရှာသူတွေ မရှိသလောက် ရှားနေပါသည်။ ကျွန်တော်တို့ ကျေးရွာမှ လူဦးရေ များပြားနေပင်မဲ့ စီးပွားရေး ပြေလည်သူနည်းပါးလွန်းပါတယ်။ စားဝတ်နေရေး ပြေလည်မှု မရှိခြင်းကြောင့် အကြွေး ယူ၍ ကြိုတင်ကာ စားသောက်ကြရတဲ့ လူတန်းစား များနေပါတယ်။ တောသူတောင်သား လယ်သမားများတွေရဲ့ ဘဝကတော့ လုံးလည်လိုက်နေပါတယ်။ ဤကဲ့သို့ စီးပွားမပြေလည်သော ပြဿနာတွေကို ရင်ဆိုင်နေရတာ များလွန်းတော့ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ယို့ယွင်းပျက်စီးပြီး ဒါတွေကို အချိန်မှီစွာ ပြုပြင်နိုင်ခြင်း မရှိလျှင် ဤကျေးရွာမှာ ရှိတဲ့သူတွေ အဆင့်မှီသော အသိဉာဏ် တွေ ဆုံးရှုံးရပါလိမ့်မည်ဟု တင်ပြအပ်ပါသည်။ ကျေးဇူးပြု၍ အချိန်မှီ ပြင်ဆင်ပေးပါရန် တောင်းခံအပ်ပါသည်။

**ကျန်းမာရေး**

လက်ဆည်ကန်ကျေးရွာရဲ့ ကျန်းမာရေးအခြေအနေမှာ စားဝတ်နေရေးမပြေလည်မှု အရင်းခံ၍ နယ်မြေဒေသခြောက်ခန်းမှုရေကောင်းရေသန့်ရရှိခြင်း နည်းပါးမှု၊ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရခြင်းအကြောင်းတွေကြောင့် ပညာတတ်မရှိခြင်း၊ ပညာတတ်မြောက်သူ နည်းပါးတော့

CamScanner

ခန္ဓာကိုယ်ကို အသုံးပြုပြီး အလုပ်ကိုလုပ်ကြရသည့်အခါ ကိုယ်ခန္ဓာယိုရွှန်းမှု ခြေလက်မသန်းစွမ်းမှု၊ အကြောနာခြင်း၊ အရိုးကျိုးခြင်း၊ လေဖြတ်ခြင်း၊ လေဖြန်းခြင်း၊ တနေကုန်ဖုံတလုံးလုံးတွေကြားထဲ နေရတဲ့အတွက်ကြောင့် အမောဆို့၍ ခန္ဓာကိုယ်လေးလံ ထိုင်းမှိုင်းခြင်း၊ ကင်ဆာဖြစ်ခြင်း အသိပညာနည်းပါးမှုကြောင့် တီဘီ (T.V) ရောဂါများ ကူးစက်ခြင်း တွေခံစားနေရပါသည်။ ကျန်းမာရေး ဝန်ထမ်းများ နှင့်ကျေးရွာနေအများ ပြည်သူများ ပူးပေါင်းခြင်း နည်းသောကြောင့် မဖြစ်သင့်သော ရောဂါတွေခံစားနေရတာကိုလည်း တွေ့မြင်နေရပါသည်။ ဒါကြောင့် ရွာသူရွာသားများကိုမဖြစ်မနေ ပူးပေါင်းဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်ဟုတင်ပြ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်း၊ နည်းလမ်းကောင်းတွေ ပေးဖို့လိုအပ်ပါသည်။

**ပညာရေး**

လက်ဆည်ကန်ကျေးရွာသည် ပညာရေးနှင့်ပတ်သက်၍ ကြည့်လျှင် အတော်ပင် နိမ့်ပါး၍ နောက်ကျကျန်ရစ်ခဲ့ပါသည်။ ယခုအချိန်ထိ ဘွဲ့ရသူဦးရေ (၁၅)ယောက်လောက်သာ ရှိသည်ကို တွေ့ရပါသည်။ ထို့သို့ ခေတ်အဆက်ဆက် ပြန်လည် ကြည့်ပြန်လျှင်လည်း အစိုးအဖွဲ့တွေ ဘယ်လိုပင် ပြောင်းလဲသော်လည်းကျွန်တော်တို့ လက်ဆည်ကန်ကျေးရွာကတော့ ပြောင်းလဲခြင်းကို မတွေ့ရပေ။ ကျွန်တော်တို့ကျေးရွာသည် မြိုင်မြို့နယ်မှ အဝေးဆုံးဖြစ်၍ မြို့နယ်မှ ကူညီစောင့်ရှောက်မှုများလည်းမရရှိခဲ့ပေ။ နိုင်ငံလုံးကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုလျှင်လည်း လက်ဆည်ကန်ကျေးရွာကနောက်ဆုံးဖြစ်နေပါသည်။ ဤရွာကို မြို့နယ်လူကြီးများသည်လည်း လာရောက်မှု အလွန်နည်းပါးပါသည်။ ကျွန်တော်တို့လက်ဆည်ကန် အ. လ. က(ခွဲ) ကျောင်းဆောင် ဖြစ်မြောက်၍ ရွာသူရွာသားများအလုပ်အကိုင် ပင်ပန်းနွမ်းနယ်စွာလုပ်ကိုင်၍ ရရှိသည့်ဝင်ငွေလေးတွေကို စုဆောင်း၍ ဝိုင်းဝန်းဆောက်လုပ်ခဲ့ပါသည်။ ကျွန်တော်တို့ရွာကို ကူညီပေးမည့်သူ ရှားပါသည့်အတွက် လက်ဆည်ကန်ကျေးရွာရဲ့ ပညာရေးတိုးတက်လာစေရန် အမြန်ဆုံး လူကြီးမင်းများက ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။ အကယ်၍ ကူညီမှုကို မရခဲ့လျှင် ကျွန်တော်တို့ရွာရဲ့လူငယ်လေးတွေဟာ ဆိတ်ကျောင်း၊ နွားကျောင်းဖြင့် တောထဲမှာ အချိန်ကုန်ရပါလိမ့်မည်။ သူတပါးတွေရဲ့ခိုင်းစေအဖြစ်နဲ့ ဘဝကိုနေဝင်ကြရပါလိမ့်မည်။ ကျေးဇူးပြု၍ လာရောက်လေ့လာကူညီပေးကြပါရန် ထပ်မံအသနားခံတောင်းဆိုအပ်ပါသည်။ ပြန်လည်သုံးသပ်မည်ဆိုလျှင် အခြေအနေမှာ ကောင်းမွန်မှုမရှိဟု သုံးသပ်၍ ရပါသည်။

**အလုပ်အကိုင်**

အလုပ်အကိုင်နှင့်ပတ်သက်၍ လွန်စွာဆင်းရဲချို့တဲ့လှပါသည်။ နံနက်မိုးသောက် အလင်းရောက်တဲ့အချိန်မှစ၍ လယ်ယာခင်းထဲတွင်နွားတစ်ရှင်းနဲ့ ဆင်းရဲစွာလုပ်ကိုင်နေရပါတယ်။ နွားရှင်းမရှိသူဆိုလျှင် ချွေးတလုံးလုံးနဲ့ကေးတဟိုဟို ငြီးကာ ထန်းပင်ကို ကြမ်းပြင်မှတ်ကာ တက်ကျရာတဲ့ ထန်းသမားလေးတွေဘဝတလည်း မလွယ်လိုက်တာဗျာ။ ဒါထက်မကသေးပါဘူး သံတရွန်းရှည်ကြီးတွေကိုင် မာကျောခက်ထန်လှတဲ့ စကျောက်ခဲကြားတွေတူးဖော်၊ ထင်းငုတ်တွေကို

ဖော်ထုတ်ကြရတဲ့ ငုတ်တူးသမားတွေလည်းရှိသေးပါဗျာ။ ကျွန်တော်တို့လက်ဆည်ကန်ကျေးရွာမှာ သေချာကြည့်ရင် ကာယစွမ်းအားနှင့် ဉာဏစွမ်းအားကိုကြည့်မည်ဆိုလျှင် ကာယစွမ်းအားကို အသုံးပြုသူများပြားလှပါသည်။ဉာဏစွမ်းအားကိုးအသုံးပြုသူက မရှိသလောက် ရှားပါးလှပါသည်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျေးရွာရဲ့ပညာတတ်မြောက်သူ နည်းပါးသည်ကို ပေါ်လွင်စေပါသည်ဟု ပေါ်လွန်လောက်ပါပြီ။ ဒါ့အပြင်ငွေအရင်းအနှီးပါ မရင်းနှီးနိုင်သောကြောင့် လည်း ပေါ်လွန်မည် ထင်ပါသည်လိုအပ်နေသောအရာတွေကို ကူညီနိုင် လိမ့်မည်ဟု ယုံကြည်ပါသည်။

**ဘာသာရေးပွဲတော်**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးရွာမှ ဘာသာရေးကို အလေးထား ဆောင်ရွက်ခဲ့ကြပုံမှာ မြတ်စွာဘုရားတပည့်သားသံဃာတော်တွေကို ကြည့်ညိုလေးစား၍ ကျွန်တော်တို့ ကျေးရွာရဲ့ ဓလေ့ထုံးစံမှာ တန်ခူးလမှာ နှစ်သစ်ကိုကူးပြောင်းသော ရာသီဖြစ်သည့် အတွက် နှစ်သစ်ကူးကြိုဆိုတဲ့ မူကတော့ ကျွန်တော်တို့ကျေးရွာမှာ ရှိတဲ့ ရွာဦးကျောင်းဆရာတော် ထံသွားရောက်ကြပြီး ဗုဒ္ဓဘာသာရဲ့မင်္ဂလာရှိသောအလုပ်မှာ မြတ်စွာဘုရားကို ဆွမ်းကပ်ခြင်း၊ ပန်းကပ်ခြင်း၊ ရေချမ်းကပ်ခြင်း စတဲ့ကျောင်းရဲ့ဝေယျာဝစ္စအလုပ်တွေ သန့်ရှင်းရေးပြုလုပ်ကြပြီး ဆရာတော် ဘုရားထံ သီလစောင့်တည် သမာဓိထူထောင်၊ ဝိပဿနာတရားတွေရှုမှတ်ကြပါသည်။ ထိုမင်္ဂလာတရားတွေကို ဆရာတော်ဘုရားမှကျေးရွာအတွင်းရှိတဲ့ လူငယ်အားလုံးကိုလည်း သင်ယူမှတ်သားကြတဲ့အလုပ်တွေ လုပ်ကြရပါသည်။ ကဆုန်လမှာဆိုလည်း အတုမရှိ မုနိစိန္တေ ဂေါတမမြတ်ဗုဒ္ဓရဲ့ ပွင့်ထွန်းပေါ်ပေါက်တဲ့အခါ ဗောဓိညောင်ပင်ကို အမြိုပြု၍ပွင့်လာသောကြောင့် ကဆုန်လကို ညောင်ရေသွန်းပွဲတွေ ပြုလုပ်ကျင်းပကြပါသည်။ ဝါဆိုလမှာ ကျွန်တော်တို့ကျေးရွာ တွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းမှာရဟန်းသံဃာတော်များကို ဝါဆိုသင်္ကန်း ကပ်လှူ ပူဇော်ကြပါသည်။ ထိုမှတဆက်တည်း ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်လအထိ ဝါဆိုသင်္ကန်းများကပ်လှူပူဇော်ကြပါသည်။ သီတင်းကျွတ်လမှာ မြတ်စွာဘုရားရှင်ကို ကပ်လှူတော် အားဖြင့် မီးထွန်းပွဲတော်များကျင်းပပါသည်။ နတ်တော်လနှင့် ပြာသိုလ၊ တပို့တွဲလ များတွင်လည်း ရှင်ပြုနားသ အလှူပွဲများ ပြုလုပ်လှူဒါန်း ကြပါသည်။ ထို့ကြောင့် ကျေးရွာအတွင်းရှိ အားလုံးသော ရွာသူရွာသားများသည် ဗုဒ္ဓသာသနာကို ရေရှည်တည်တန့် ခိုင်မြဲပါစေလို့ ဆုတောင်းလျှက် ရှိကြောင်းနှင့်ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်ရသည့် အတွက်ဝမ်းမြောက်ဝမ်းသာရှိပါသည်။

**ရေရရှိမှု**

လက်ဆည်ကန်ကျေးရွာ၏ ရေရှိမှုသည် မိုးတွင်းကာလမျာ တော်သလင်းလ၌ ရွာသွန်းသော မိုးရေကိုအသုံးပြုကြသည်။ ဤမိုးရေကုန်သည့်အခါ အဝီစိတွင်းမှာ ပေးပေါင်း၄၀၀ ကျော်ခန့် တူးဖော် နိုင်မှသာလျှင် သောက်သုံးရေရရှိပါမည်။ ထိုသို့ ကိုယ်ထူကိုယ်ထ မဖော်နိုင် သောကြောင့် အခက်တွေ့ပါသည်။ ဒါကြောင့် ကျွန်တော်တို့ရွာမှာ ရှိတဲ့ လူဦးရေးနှင့် နွေရာသီမှာ သောက်သုံးရေ လုံလောက်မှုမရရှိပါ။ လက်ရှိအများသုံးစွဲလျှက်ရှိသော စက်ရေတွင်းကြီးမှ နှစ်ပေါင်း ကြာညောင်း ၍ရေထွက်မှုက ခဏခဏ ရက်စဲမှုတွေဖြစ်ပေါ်နေသည်ကို ကျေးရွာက လူဦးရေများသည် စိုးရိမ်

တကြီးသောက်သုံး နေရပါသည်။ဤတွင်းသည် တစ်နှစ်လျှင် နှစ်ကြိမ်ထပ်မံပြုပြင်ပေးနေရသည်ကို အသိပေး သင်ပြလိုက်ရပါသည်။

**သစ်တော**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်အုပ်စု၊ လက်ဆည်ကန်ကျေးရွာနှင့် (၂)မိုင်အကွာအဝေးမှာ စိမ်းလန်းစိုပြေ ညိုမဲအုပ်ဆိုင်းတောမှိုင်း၊ တောင်တန်း၊ စိတ်ရွှင်လန်းစရာ တောင်တန်းကြီးနှင့်ဆက်လျှက်တည်ရှိနေသော ဤရွာသည် ခရီးသွားလာသူတွေရဲ့ စိတ်ထဲမှာ မြင်ရုံဖြင့်စိတ်ကြည်နူးစရာတွေမြင်တွေ့ရပါတယ်။ ဤရွာသူ/ရွာသားများသည် သဘာဝ သစ်တောကြီးတွေ ပျက်စီးမသွားရလေအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ ဥတု ရာသီတောကို မှီ၏ တောတောင်စိမ်းမှ စမ်းရေရ၏ ဟူသော ဆိုရိုးစကားတွေအတိုင် သစ်တော သစ်ပင်တွေကို ထိန်းသိမ်းကြသော်လည်း မိုးခေါင်ရေရှားလှသည့် အထဲမှာ ကျွန်တော်တို့ရွာ ပါနေတာကို အလွန်ပင်ဝမ်းနည်းပါတယ်။ အဘယ်ကြောင့်ဆိုသော် စမ်းရေမလာ မိုးမရွာတော့ ရှားသည့်ရေဟာ ဤရွာကြီးပါပဲ။

**လူ့စွမ်းအားအရင်းအမြစ်**

လက်ဆည်ကန်ကျေးရွာ၏ပတ်ဝန်ကျင်မှာ သစ်ပင်များသစ်တောကြီးများကို ကျေးရွာနေ ရွာသူရွာသားများသည် သစ်ပင်များကို ခုပ်ယူ၍ မီးသွေး၊ထင်းအဖြစ်အသုံးပြုနေကြ၍ ထိုနောက် လူတို့၏အသုံးအဆောင်ဖြစ်သော ပရိဘောဂပစ္စည်းများအဖြစ် ပြောင်းလဲ အသုံး ပြုနေပါသည်။ ပစ္စည်းများမှာ ကုတင်၊ထိုင်ခုံ၊ တန်းလျား၊ စားပွဲ၊ လှည်းထွန်၊ ထွန်သွား အသုံး ပြုကြသည်။ ထိုနောက် ထန်းတောကြီးထဲမှာ ထန်းပင်များကိုလည်း အလွန်အင်မတန် ခက်ထန် မာကြောသော အပင်အတွင်းမှာ အလွန်အရသာရှိလှစွာသော ထန်းရည်ဟုခေါ် ဆိုသော ချိုဆိမ့်လှတဲ့ အရည်များ ထွက်ရှိကာ ထက်လျက်အဖြစ်အချိုမှုန့်၊ စားသောက်ဖွယ်ရာအမျိုးမျိုးတို့ကို ထည့်၍ အသုံးပြုနိုင်သော ထန်းလျက်တွေကို ထွက်ရှိအောင်စွမ်းဆောင်နိုင်ကြပါသည်။ ထိုနောက် မပြေလည်မှုတွေ များပြား လာသောကြောင့် ထန်းပင်များကို လှဲ၍ ထန်းသားအဖြစ် အသုံးပြု နေကြရပါသည်။ လျှပ်စစ်မီး မရရှိခြင်းကြောင့် သစ်တောများ၊ သစ်ပင်များ ဖြုန်းတီးကုန်ကြပါသည်။

**စိုက်ပျိုးရေး**

လက်ဆည်ကန်ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံများမှာ မြေပဲ၊နှမ်း၊ ပဲစိမ်းငုံ၊ ပဲတီစိမ်း စသည့်တို့ကို အဓိကစိုက်ပျိုးကြပါသည်။ လယ်မြေများ အနည်းငယ်ရှိသော်လည်း မိုးရွာသွန်းမှု နည်းသောကြောင့် စိုက်ပျိုးမှုအလွန်နည်းပါသည်။ စိုက်ပျိုးရေးအပြင် အသက်မွေးကြသော်လည်း မိုးရွာသွန်းမှုနည်းခြင်း၊ အပူချိန်များလွန်းသောကြောင့် သီးနှံများပျက်စီးဆုံးရှုံးရခြင်းကြောင့် တောင်သူဦးကြီးများ စားဝတ်နေရေး အခက်အခဲများ ရင်ဆိုင်နေရပါသည်။ သီးနှံဈေးကွက်များ ကျဆင်းမှုကြောင့် တောင်သူလယ်သမားများ အခက်တွေ့ရပါသည်။ စိုက်ပျိုးရေးကို စွန့်ပစ်၍ အခြားဒေသသို့ ပြောင်းရွှေ့ အသက်မွေးကြသူများလည်းရှိပါသည်။ အခက်အခဲများကြောင့်

CamScanner

လက်မှုလက်ယာမှ စက်မှုလက်ယာ သို့ပြောင်းလဲရန် ကြံနေကြပါသည်။ မြန်မာနိုင်ငံ၏ မိုးနည်းရခြင်း၏ အကြောင်းအရင်းမှာ သစ်တောများပြုန်းတီးမှုကြောင့် မိုးခေါင်၊ ရေကြီးမှုများ ဖြစ်ပေါ်နေရပါသည်။ ကျွန်တော်တို့ လက်ဆည်ကန်ကျေးရွာတွင် စိုက်ပျိုးရေး အဆင်မပြေသောကြောင့် ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း စသောတပိုင်တနိုင်လုပ်ငန်းများနှင့်တောင်ကုန်းများကို ခုတ်ထွန်ရှင်းလင်း၍ ယာလုပ်ကိုင်ခြင်း တို့ကြောင့် သစ်တောများပြုန်းတီး၍ မိုးရွာသွန်းမှု အချိန်မမှန်ခြင်းများကြောင့် စိုက်ပျိုးရေးမှာ များစွာ ပျက်စီးဆုံးရှုံးရပါတယ်။ ထို့ကြောင့် ကျေးရွာရှိ တောင်သူဦးကြီးများသည် နှစ်စဉ်နှစ်တိုင်း သီးနှံရရှိမှုနည်းပါး၍ စားဝတ်နေရေး ခက်ခဲမှုများလာပြီး ဆင်းရဲနေရပါသည်။

## ရာသီဥတု

ကျွန်တော်တို့လက်ဆည်ကန်ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး၏ မြောက်ဘက်ခြမ်းတွင်တည်ရှိပါသည်။ မကွေးတိုင်းသည် အပူပိုင်းဒေသဖြစ်သည့်အတွက် ကျွန်တော်တို့ရွာ၏ ရာသီဥတုကတော့ မည်သည့်ရာသီမဆို အပူဒဏ်ခံစားရလေ့ရှိပါတယ်။ စိုက်ပျိုးရေးကို မိုးရာသီမှာ စိုက်ပျိုးလေးရှိသော သီးနှံများဟာ ပြန်လည်သိမ်းယူခြင်းမရရှိဘဲ ဆုံးရှုံးမှုတွေ နှစ်တိုင်းကြုံတွေ့နေရပါတယ်။တောင်သူသမားတွေအတွက် စိုက်ပျိုးရေးဘက်မှာ အတော်ပင်အခက်ကြုံတွေ့နေရပါသည်။ မိုးဦးကာလမှာ တောင်သူတွေ မရရှိခဲ့တာဟာ နှစ်အတော်ကြာခဲ့ပါပြီ။ မိုးနှောင်းခေါ် နောက်မိုးကို အမှီပြု၍ စားသောက်ခဲ့ရပါသည်။ ထိုသို့ ရာသီဥတုတွေ မမှန်ကန်မှုတွေကြောင့် တောင်သူတွေ အခက်ကြုံခဲ့ရပါတယ်။ ဒါကြောင့် တောင်သူတွေ အပေါ်ငဲ့ငြာသောအားဖြင့် အကူအညီတွေ လိုအပ်နေပါသည်။ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတောင်းဆိုအပ်ပါသည်။

## ထိခိုက်လွယ်မှု

လက်ဆည်ကန်ကျေးရွာအတွင်းမှာ စားဝတ်နေရေးမပြည့်စုံသော မိသားစုတွေများနေ၍ ပညာတတ်မြောက်မှုမရှိခြင်းကြောင့် မိသားစုဘဝတွေပင်ပန်းစွာ ရုန်းကန်လုပ်ရှားခြင်းဘဝကို ဆုံးရှုံးရခြင်းတွေဖြစ်နိုင်ပါတယ်။ မသန်စွမ်းဦးဆောင်သော မိသားစု မှာလည်း ထိခိုက်လွယ်မှုများ၊ စာတတ်မြောက်မှုမရှိခြင်း၊ စီးပွားရေး မပြည့်စုံခြင်း၊ စီးပွားရေး ပြည့်စုံမှုမရှိလျှင် အသိပညာနည်းပါးမှု၊ အသိဉာဏ်မရှိလျှင် ဘဝပေါင်းများစွာ ဆုံးရှုံးနိုင်ခြင်းများ ဖြစ်ပေါ်တတ်ပါတယ်။ ကျေးရွာအတွင်းရှိရွာသူ/ ရွာသားများ အသိပညာဉာဏ်တွေ တက်မြောက်သူ တဖြည်းဖြည်းနည်းပါးလာ၍ တစ်ရွာလုံးဆုံးရှုံးနိုင်ခြင်းတွေ ဖြစ်နိုင်ပါတယ်။ သက်ကြီးဦးဆောင်သော အိမ်ထောင်စုများမှာလည်းထိုကဲ့သို့ဖြစ်နိုင်ပါသည်ဟု တင်ပြအပ်ပါသည်။ ယခုတင်ပြ အပ်သော အကြောင်းအရာနှင့်ပတ်သက်၍ ဆက်စပ်နေသော ထိခိုက်လွယ်မှု ရှိုင်းစိုင်းစွာ ပြောဆိုခြင်း၊ ခိုးယူခြင်း၊ တိုက်ခိုက်ခြင်း၊ ကြီးသူတွေကို အရိုအသေပေးမှု လေးစားမှုဆိုဒါတွေကို သိမှုနည်းပါးပါတယ်။ ဒါကြောင့် အဲဒီလိုတွေမဖြစ်ရအောင် ပညာတတ်တွေ လိုအပ်ပါတယ်။ စီးပွားရေးပြေလည်အောင် အထောက်အကူတွေ လိုအပ်ပါတယ်။

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ၏သုံးသပ်ချက်

**အစည်းအဝေးမှတ်တမ်း**

| | | |
|---|---|---|
| နေရာ | | လက်ဆည်ကန်ကျေးရွာ၊<br>လက်ဆည်ကန်ကျေးရွာအုပ်စု၊<br>မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| အစည်းအဝေးပြုလုပ်ရခြင်းရည်ရွယ်ချက် | - | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲရန်နှင့် သုံးသပ်ခြင်း |
| အစည်းအဝေးကျင်းပချိန် | - | နေ့လည် (၁)နာရီ |
| ပြီးဆုံးချိန် | - | နေ့လည် (၃)နာရီ |
| နေ့စွဲ | - | ၂၀ - ၁၂ - ၂၀၁၆ |
| အစည်းအဝေကျင်းပသည့်နေရာ | - | ရွာဦးဘုန်းတော်ကြီးကျောင်း |

ကျေးရွာဖွံ့ဖြိုးရေးလူငယ် ဦးသန်းနိုင်မှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုကာ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဦးသန်းနိုင်မှ ရွာသူရွာသားများ သူတို့၏အချိန်ကို တောင်းဆိုရန် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်မှ ကျွန်တော်တို့ရွာ ဖွံ့ဖြိုးရေးအတွက် အချိန်ပေးရပါမည်ဟု ပြောပါသည်။

ဦးသန်းနိုင်မှ ရပ်ရွာလူထုအား ရွာ၏ပုံသဏ္ဌာန်နှင့် နယ်နိမိတ်ကို ရေးဆွဲရန် ပြောပါသည်။ ဦးဖိုးပြူးမှ ရွာ၏ မြေပုံကို မြင်ဖူးသည် လေးထောင့်ပုံရှိသည်ဟု ပြောဆိုကာ ရေးဆွဲပါသည်။ ထိုနောက်အခြားသောသူများကလည်း ရွာ၊ လမ်း၊ အိမ်၊ ဘုန်းကြီးကျောင်း၊ မှော်ရုံစသည့်ဖြင့် ဖြေပြဆွေးနွေးခဲ့ပါသည်။

ဒီနေ့ဆွေးနွေးရသည့် အကြောင်းအရင်းကို အကျဉ်းချုပ်လျှင် ကျေးရွာ၏ ပုံသဏ္ဌာန်၊ လမ်းနေအိမ် များကို ရေးဆွဲခဲ့ကြပါသည်။

အခုလို အချိန်ပေးပြီး ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြော ပါသည်။


| | | | |
|---|---|---|---|
| မှတ်တမ်းရေးသူအမည် | - မမြမြသန်း | ခေါင်းဆောင်အမည် | - ဦးသန်းနိုင် |
| လက်မှတ် | | လက်မှတ် | |

CamScanner

# အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | လက်မှတ် |
| --- | --- | --- |
| ၁။ | ဦးငွေလွင်(အုပ်ချုပ်ရေးမှူး) | |
| ၂။ | ဦးကျော်တင် | |
| ၃။ | ဦးစိန်လေး | |
| ၄။ | ဦးအောင်ရင် | |
| ၅။ | ဦးလှကြိုင် | |
| ၆။ | ဦးပု | |
| ၇။ | ဦးဖိုးမြူး | |
| ၈။ | ဦးကြည်လွင် | |
| ၉။ | ဦးနိုင်ဦး | |
| ၁၀။ | ဒေါ်ခင်နု | |
| ၁၁။ | မအေးမြင့်မော် | |
| ၁၂။ | ဒေါ်အေးဆင့် | |
| ၁၃။ | ဦးဆန်းဦး | |
| ၁၄။ | ဦးသိန်းမြင့်ငွေ | |
| ၁၅။ | ဦးအောင်သွယ် | |
| ၁၆။ | ဦးမြင့်အောင် | |
| ၁၇။ | ဦးဆယ်ပြား | |
| ၁၈။ | ဦးကျော်ညွန့် | |
| ၁၉။ | ဦးချစ်ဝင်း | |
| ၂၀။ | ဦးနိုင်ဦး | |
| ၂၁။ | ဦးဖိုးကျော် | |
| ၂၂။ | ဦးမျိုးဇော်ဝင်း | |
| ၂၃။ | ဦးဘချင်း | |
| ၂၄။ | ဦးသက်ပျင်း | |
| ၂၅။ | ဒေါ်နှင်းစိန် | |
| ၂၆။ | ဒေါ်ဘုမ | |
| ၂၇။ | ဦးမောင်ကျော် | |

CS CamScanner


20.12.2016

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးရွာ၏ ရာသီစွင်ပြဓလေ့ထုံးစံများ၏ အစီရင်ခံစာ

## တည်နေရာ

လက်ဆည်ကန်ကျေးရွာသည် မြိုင်မြို့၏ အရှေ့ဘက် (၁၃)မိုင်ခန့်အကွာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမှာ မြေလမ်းဖြစ်ပါသည်။ မိုးရာသီတွင် သွားလာရေး အခက်အခဲရှိပါသည်။ ရွာ၏တောင်ဘက် (၁)မိုင် (၄)ဖာလုံ ခန့်အကွာတွင် ဒေါင်အိုကြီးရွာ၊ ရွာ၏မြောက်ဘက် (၂. ၄)မိုင်ခန့် အကွာတွင် ထနောင်းခလုရွာ၊ အရှေ့ဘက် (၂)မိုင်ခန့်အကွာတွင် ကန်ပေါက်ရွာ ၊ အနောက်ဘက် (၃)မိုင်ခန့်အကွာတွင် အိုးပြွန်ရွာတို့ တည်ရှိပါသည်။

## ရာသီဥတု

လက်ဆည်ကန်ကျေးရွာသည် မြန်မာနိုင်ငံ၏အလယ်ပိုင်းပူပြင်းခြောက်သွေ့သော မကွေးတိုင်းဒေသကြီး၊ မြောက်ဖျားပိုင်းတွင် တည်ရှိရန် မိုးရွာသွန်းမှု နည်းပါးသော ဒေသဖြစ်ပါသည်။ ရာသီဥတုသုံး မျိုးရှိ၍ နွေဥတုတွင် အလွန်ပူပြင်း၍ မိုးဥတုတွင် မိုးရေသွန်းမှု နည်းပါးပြီး ဆောင်းဥတု တွင်အလွန်ချမ်းအေးပါသည်။

## စိုက်ပျိုးရေး (ရောဂါပိုး)

လက်ဆည်ကန်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံများမှာ မြေပဲ၊ နှမ်း၊ ပဲစဉ်းငုံ၊ ပဲတီစိမ်း၊ နွားစာပြောင်း စသည်တို့ကို အဓိကစိုက်ပျိုးကြသည်။ မိုးဦးနှမ်းစိုက်ပျိုးကြသော်လည်း မိုးရွာသွန်းမှု နည်းပါးသောကြောင့် နှမ်းပင်များ သေဆုံးကုန်၍ မိုးဦးနှမ်း မျိုးစေ့ပင် ဆုံးရှုံးကြရပါသည်။ စိုက်ပျိုးရေး ရောဂါပိုးနှင့်ပတ်သက်၍ မြေပဲပင်များတွင် မြေပဲရွက်ပြောက်ရောဂါ အမြစ်ပုပ် ရောဂါများ ပဲတီစိမ်းတွင် ပင်ဖြတ်ပိုး၊ သီးလုံးဖောက်ပိုးနှင့် ပျရောဂါပိုး ကျရောက်၍ နှမ်းတွင်၊ အမြစ်သေ၍ နှစ်စဉ်နှစ်တိုင်း ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။

## မွေးမြူရေး ( ရောဂါပိုး)

ကျေးရွာတွင် ဆိတ်မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင်ကြပါသည်။ ဆိတ်များတွင် အဓိကကျရောက်သော ရောဂါများမှာ ဂျိုပိုးရောဂါ၊ ဆီးချုပ် ဝမ်းချုပ်ရောဂါနှင့် သရက်ရွက် ကြီးရောဂါ မိုးတွင်းကာလများတွင် ခွာနာခြင်း၊ ဝမ်းရောဂါများ ကျရောက်၍ အများအပြား ပျက်စီး ဆုံးရှုံး ကြရ ပါသည်။ ဝက်မွေးမြူရေးကို အနည်းငယ်လုပ်ကိုင်ကြပါသည်။

## တောင်သူဝင်ငွေ

တောင်သူလယ်သမားများသည် တန်ခူးလ၊ ကဆုန်လ၊ နယုန်လများတွင် သီးနှံများ ထွန်ယက်စိုက်ပျိုးချိန်ဖြစ်၍ ဝင်ငွေရရှိခြင်းမရှိဘဲ ဝါဆိုလတွင် နှမ်းဦးရိတ်သိမ်းချိန်ဖြစ် သော်လည်း မိုးရွာသွန်းမှုနည်း၍ ဝင်ငွေရရှိမှု နည်းပါးပါသည်။ ဝါခေါင်လနှင့် တော်သလင်း လတွင် နောက်နှမ်းပြန်လည် စိုက်ပျိုးချိန်ဖြစ်၍ ဝင်ငွေမရှိပါ။ သီတင်းကျွတ်၊ တန်ဆောင်မုန်းနှင့် နတ်တော်လများသည် တောင်သူလယ်သမားများ၏ သီးနှံမျိုးစုံ ရိတ်သိမ်းသော လများဖြစ်၍ ဝင်ငွေရရှိမှု အများဆုံးလများဖြစ်ကြပါသည်။ ပြာသိုလတွင် သီးနှံများရောင်းချကြပါသည်။ တပို့တွဲလနှင့် တပေါင်းလတို့တွင် နောက်နှစ်စိုက်ပျိုးချိန်တွင် အဆင့်သင့်ပြန်လည် စိုက်ပျိုးနိုင်ရန် ယာမြေများကို ပြန်လည်ထွန်ယက်ကြရန် ဝင်ငွေမရှိပါ။

## တောင်သူထွက်ငွေ

တောင်သူလယ်သမားများသည် ဆယ်နှစ်လရာသီပတ်လုံး ထွက်ငွေများစွာ ရှိပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲ စိုက်ပျိုးရေးအတွက် လိုအပ်သော မျိုးစေ့များနှင့် ၊ ဓာတ်မြေဩဇာ များကို ဝယ်ယူရ၍ ထွက်ငွေရှိပါသည်။ ကဆုန်လနှင့် နယုန်လများတွင်လည်း စိုက်ပျိုးချိန် ထွက်ငွေရှိပါသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အလှူအတန်း နှင့် မင်္ဂလာပွဲများရှိပါသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်းမုန်းလများတွင် အလှူအတန်းများ ရှင်ပြုပွဲ၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ များရှိ၍ကုန်ကျငွေများသော လများ ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူများ၏ ထွက်ငွေများသည် ဝင်ငွေထွက်ငွေမှာ များပြားလှပါသည်။ ကျန်းမာရေးကြောင့် ထွက်ငွေများလည်း ရှိပါသည်။ တောင်သူဦးကြီး များသည် ဝင်ငွေထွက်ငွေမမျှတ၍ နှစ်စဉ်နှစ်တိုင်း တောင်သူရုံး၍အကြွေးများလည်းတင်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူ ဦးကြီးများအား ငွေ့ညာသော အားဖြင့် အကူအညီပေးစေချင်ပါသည်။

## နေ့စားဝင်ငွေ

ကျေးရွာ၏ နေ့စားအလုပ်သမားများသည် လအလိုက် ဝင်ငွေကွာခြားမှုရှိပါသည်။ နေ့စားအလုပ်သမားများ၏ တစ်မနက်လုပ်အားခမှာ (၁၅၀၀) ကျပ်ရရှိပါသည်။ လုပ်သားများ၏ လုပ်အားခမှာ (၂၀၀၀) ကျပ်ရရှိပါသည်။ တန်ခူးလတွင် ဝင်ငွေမရှိဘဲ ကဆုန်၊ နယုန်၊ ဝါဆိုလများတွင် ဝင်ငွေအနည်းငယ်ရရှိပါသည်။ နေ့စားအလုပ်များမှာ  စိုက်ပျိုး၊ ပေါင်းသင်မြေဆွ၊ ပဲနုတ်၊ နှမ်းရိတ်၊ သနပ်ခါးခင်းပေါင်းတူးပေါက်  စသည့် လုပ်ငန်းများ စွာရှိပါသည်။ ကျန်သောလများတွင် ဝင်ငွေရရှိပါသည်။

CamScanner

**နေ့စားထွက်ငွေ**

လက်ဆည်ကန်ကျေးရွာ၏ နေ့စားအလုပ်သမားများမှာ နေ့စဉ်ထွက်ငွေရှိပါသည်။ နေ့စဉ်ဟင်းချက်စရာဝယ်ရခြင်း၊ ရပ်ရေး ရွာရေး လူမှုရေး ကိစ္စများ အတွက် ကုန်ကျငွေ များရှိပါသည်။စားသောက်ကုန်ပစ္စည်းများ၏ တန်ကြေးများသည် နေ့စဉ်နှင့်အမျှ ကြီးမြင့်လာ သောကြောင့်ဝင်ငွေနှင့်ထွက်ငွေမမျှအောင်ဖြစ်နေ၍စားဝတ်နေရေးအဆင်မပြေမှုများ ဖြစ်နေ ရပါသည်။ ဝင်ငွေနည်းပါးခြင်းကြောင့် ထွက်ငွေများပြားလာခြင်းနှင့် အတူ နေ့စဉ်နှင့် အမျှ အခက်အခဲများ ရင်ဆိုင် ကြုံတွေ့လာရပါသည်။

**ထန်းဝင်ငွေ**

လက်ဆည်ကန်ကျေးရွာတွင် ထန်းတက်လုပ်သား (၃၀) ခန့် ရှိပါသည်။ ထန်းတက်လုပ်သား များသည် တန်ခူးလနှင့် ကဆုန်လများတွင် ဝင်ငွေကောင်းပြီး နယုန်လ တွင် ဝင်ငွေနည်း၍ ကျန်သော လများတွင် ဝင်ငွေမရှိသောလများဖြစ်ကြသည်။ ထန်းတက် လုပ်သားများသည် အသက်ကို ရင်း၍ အလုပ်လုပ်ကြရသော်လည်း ဝင်ငွေနည်းပါး ၍ထန်းတက်လုပ်ကိုင်သူမှာ ရှားပါးလာပါသည်။

**ထန်းတက်ထွက်ငွေ**

ထန်းတက်လုပ်သားများသည် ဆယ့်နှစ်လရာသီပတ်လုံး ထွက်ငွေများရှိပါသည်။ တပေါင်းလသည် ထန်းတက်လုပ်သားတို့၏ ထွက်ငွေအများဆုံးလဖြစ်ပါသည်။ တပေါင်းလမှာ ထန်းတက်ရာတွင် လိုအပ်သော ရင်းတောင်၊ ရင်းဆွဲ၊ ထန်းမြေအိုး၊ ကြိုး၊ ထန်းလျက်ချက် လုပ်ရာတွင် အသုံးပြုသော ဒယ်အိုး၊ ထန်းလှီးဓား၊ ထန်းကိုင်ဓား စသည့်တို့ကို ဝယ်ယူကြရသောကြောင့် ဖြစ်ပါသည်။ ကျန်သောလများတွင်လည်း အလှူအတန်း၊ လူမှုရေးနှင့် ပွဲတော်များရှိ၍ ထွက်ငွေရှိပါသည်။ ထို့ကြောင့် ထန်းတက်လုပ်သညးများ၏ ထွက်ငွေမှာ ဝင်ငွေထက် အဆမတန် များပြားလွန်းလှပါသည်။

**ပွဲတော်**

လက်ဆည်ကန်ကျေးရွာသည် တန်ခူးလတွင် မြန်မာလူမျိုးတို့၏ နှစ်သစ်ကူး ပွဲတော်ဖြစ်သော သင်္ကြန်ပွဲတော်ကျင်းပကြပါသည်။ ကျေးရွာရှိ ရွာသူ/ ရွာသား လူငယ်များ သည် သင်္ကြန်ပွဲတော်ကို ယဉ်ကျေးသိမ်မွေ့ပျော်ရွှင်စွာ ဆင်နွဲကြပါသည်။ သက်ကြီးရွယ်အို၊ သက်ကြီးသူမများက ဘုရားကျောင်းကန်သွား၍ ဥပုသ်သီလဆောက်တည်ကြပါသည်။ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အလှူရှင်များက ကြာဆံဟင်း၊ ဆန်ပြုတ်မုန့်ဟင်းခါးစသည့်တို့ဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ ရွာရှိ အမျိုးသမီးများက ပဲပြုတ်၊ လက်ဖက်သုတ်၊ မုန့်လုံးရေပေါ် စသည့်တို့ဖြင့် တည်ခင်းကျင်းပကြပါသည်။ ကျေးရွာရှိ လူငယ်လူရွယ်များက ရေကစား၍ တန်ခူးလသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ကျင်းပကြပါသည်။ ကဆုန်လတွင်လည်း ရွာအတွင်းရှိ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းသည့်

ညောင်ရေသွန်းပွဲတော်ကို ကျင်းပပါသည်။ ဝါတွင်းကာလများတွင် ဝါဆိုသင်္ကန်းကပ်ခြင်းများကို ပြုလုပ်ကြပါသည်။ ဝါခေါင်လတွင် ဘုရားပွဲတော်ကျင်းပကြပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ကို အလွန်စည်ကားလှပစွာ ပြုလုပ်ကြပါသည်။ တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်ခြင်းများကို ပြုလုပ်ကြပါသည်။ လပြည့်ညတွင် ဆီးဖြူသီးနှင့် အိမ်ကို ပစ်ပေါက်ခြင်း၊ လူငယ်များ ပေါင်းစု၍ ကြက်သားကာလသားဟင်းကို ပျော်ရွှင်စွာ ချက်ပြုတ်စားသောက်ကြပါသည်။ ပြာသိုလပြည့်တွင် ကျေးရွာ၏ အစည်းကားဆုံးပွဲတော် ဖြစ်သော ဘုရားပွဲတော်ကို ဇာတ်ပွဲ များဖြင့် စည်းကား သိုက်မြိုက် ကျင်းပကြပါသည်။ အဝေးနေရာတွင် သွားရောက် အလုပ်လုပ် ကိုင်နေကြသော သူများကလည်း ရပ်ရွာသို့ ပြန်၍ဘုရားပွဲတော်ကို ဆင်နွဲကြ၍ အလွန်ပျော်ပါး စည်ကား၍ မိသားစု စုံညီသောလတစ်လ ဖြစ်ပါသည်။

CS CamScanner

## အစည်းအဝေးမှတ်တမ်း

နေရာ - လက်ဆည်ကန်ကျေးရွာအုပ်စု၊လက်ဆည်ကန်ကျေးရွာ၊
မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး

အစည်းအဝေးပြုလုပ်ရခြင်းရည်ရွယ်ချက်-ရာသီခွင်ပြဇယား ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်း

နေ့စွဲ - ၂၀ . ၁၂. ၂၀၁၆

အစည်းအဝေးစတင်ကျင်းပချိန်- နေ့လည် (၁)နာရီ

ပြီးဆုံးချိန် - နေ့လည် (၃)နာရီ

အစည်းအဝေးကျင်းပသည့်နေရာ- ရွာဦးဘုန်းတော်ကြီးကျောင်း

ကျေးရွာဖွံ့ဖြိုးရေးလူငယ် ဦးသန်းနိုင်မှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုကာ ရာသီခွင်ပြဇယားရေးဆွဲရခြင်း၏ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဦးသန်းနိုင်မှ ရွာသူ၊ ရွာသားများ သူတို့၏အချိန်များကို တောင်းဆို၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးလွင်မှကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ဖြစ်သည့်အတွက် အချိန်ပေးရပါမည်ဟု ပြောပါသည်။

ဦးသန်းနိုင်မှ ရပ်ရွာလူထုအား ရာသီခွင်ပြဇယားရေးဆွဲရန် ပြောသောအခါ ရပ်ရွာ လူကြီးများမှ ကျေးရွာ၏ရာသီအလိုက် နေပူပုံ၊ မိုးရွာပုံ၊ ဝင်ငွေရှိသောလနှင့်၊ ထွက်ငွေ ရှိသော လများကို ပြောပြ၍ ဦးမြင့်ဦးမှ ထန်းဝင်ငွေနှင့် ထွက်ငွေအကြောင်းပြောပြခဲ့ပါသည်။ ထို့နောက် ဦးကျော်တင်မှ ပွဲတော်များ အကြောင်းပြောပြဆွေးနွေးခဲ့ကြပါသည်။

ဒီနေ့ဆွေးနွေးရသည့် အကြောင်းအရင်းကို ပြန်ချုပ်ရလျှင် ကျေးရွာ၏ရာသီခွင် အကြောင်း ပြောပြဆွေးနွေးခဲ့ကြပါသည်။ အခုလို အချိန်ပေးပြီးဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။

မှတ်တမ်းရေးသူအမည် - ခေါင်းဆောင်အမည် - ဦးသန်းနိုင်

လက်မှတ် လက်မှတ်


CamScanner

## အစည်းအဝေးတက်ရောက်ကြသူများ

| | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးငွေလှိုင်(အုပ်ချုပ်ရေးမှူး) | |
| ၂။ | ဦးကျော်တင် | |
| ၃။ | ဦးစိန်လေး | |
| ၄။ | ဦးအောင်ရင် | |
| ၅။ | ဦးလှကြိုင် | |
| ၆။ | ဦးပု | |
| ၇။ | ဦးစန်းဦး | |
| ၈။ | ဦးပြုံး | |
| ၉။ | ဦးကြည်လွင် | |
| ၁၀။ | ဦးနိုင်ဦး | |
| ၁၁။ | ဦးကျော်ခင် | |
| ၁၂။ | ဦးဆန်းဝင်း | |
| ၁၃။ | ဦးသိန်းဝင်း | |
| ၁၄။ | ဦးမောင်ကျော် | |
| ၁၅။ | ဦးအောင်သွယ် | |
| ၁၆။ | ဦးဝင်းကြိုင် | |
| ၁၇။ | ဦးကံမြင့် | |
| ၁၈။ | ဦးဖိုးကျော် | |
| ၁၉။ | ဦးရွှေဖား | |
| ၂၀။ | ဦးဗိုလ်မြင့် | |
| ၂၁။ | ဦးမြင့်အောင် | |
| ၂၂။ | ဦးငွေပိုင်း | |
| ၂၃။ | ဦးဆယ်ပြား | |
| ၂၄။ | ဦးကျော်ညွန့် | |
| ၂၅။ | မအိ | |
| ၂၆။ | ဒေါ်ဝင်းစိန် | |
| ၂၇။ | ဒေါ်ဝင်းစိန် | |

CS CamScanner

| | အမည် | လက်မှတ် |
|---|---|---|
| ၂၈။ | ဒေါ်ဘုမ | |
| ၂၉။ | ဒေါ်ခင်နု | |
| ၃၀။ | ဦးချစ်ဝင်း | |
| ၃၁။ | ဦးမျိုးဇော်ဝင်း | |
| ၃၂။ | ဦးသန်းနိုင် | |
| ၃၃။ | ဦးသက်ပျှင်း | |
| ၃၄။ | ဦးဘချင်း | |
| ၃၅။ | ဒေါ်ကြီးညို | |
| ၃၆။ | ဒေါ်နှင်းစိန် | |
| ၃၇။ | ဒေါ်အေးမြင့်ဇော် | |
| ၃၈။ | ဒေါ်အေးဆင့် | |



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ဆည်ကန်ကျေးရွာ၏ ပြဿနာသစ်ပင် ရေးဆွဲခြင်း အစီရင်ခံစာ

**တည်နေရာ**

လက်ဆည်ကန်ကျေးရွာသည် မြိုင်မြို့၏အရှေ့ဘက် (၁၃)မိုင်ခန့်တွင် တည်ရှိပါသည်။ ရွာ၏ အရှေ့ဘက်(၂)မိုင်ခန့်အကွာတွင်ကံပေါက်ရွာ၊ အနောက်ဘက်(၃)မိုင်ခန့်အကွာတွင် အိုးပြွန်ကျေးရွာ ၊ ရွာ၏မြောက်ဘက် (၂. ၄)မိုင်ခန့်တွင် ထနောင်းခလုကျေးရွာနှင့် တောင်ဘက်တွင် ဒေါင်အိုကြီးကျေးရွာတို့အသီးသီးတည်ရှိကြပါသည်။

**တိုက်နယ်ဆေးရုံမရှိခြင်း ပြဿနာအကြောင်းအရင်း**

လက်ဆည်ကန်ကျေးရွာတွင် တိုက်နယ်ဆေးရုံမရှိခြင်း၏ အဓိကအကြောင်းအရင်းများမှာ နိုင်ငံတော်မှတည်ဆောက်ချထားမှုမရှိခြင်း၊အလှူရှင်များမရှိခြင်း၊ ကိုယ်ထူကိုယ်ထတည်ဆောက်နိုင်မှုမရှိခြင်းနှင့် INGOကဲ့သို့သောနိုင်ငံတကာ အဖွဲ့အစည်းများမှ ပံ့ပိုးမှုမရှိခြင်းစသည်တို့ကြောင့် ဖြစ်ပါသည်။


**တိုက်နယ်ဆေးရုံမရှိခြင်းအကျိုးဆက်**

မြိုင်မြို့နယ်လက်ဆည်ကန်အုပ်စု လက်ဆည်ကန်ကျေးရွာမှာ တိုက်နယ်ဆေးရုံ မရှိခြင်း၏ အကျိုးဆက်အဆက်များမှ ရပ်ရွာအတွင်းမှာ မှီတင်း နေထိုင်နေကြသော ရွာသူရွာသားများမှာ ဖျားနာသော်ငှင်းထိခိုက်ဒဏ်ရာရရှိသော် ငှင်းပိုးထိသော် ငှင်းအစရှိသည့် (၉၆)ပါးသော ရောဂါဝေဒနာများမှာအချိန်မရွေး နာရီမရွေး ကျရောက်နိုင်ပါသည်။ ဤသို့ဖြစ်ပေါ် ကျရောက်လာမည်ဆိုလျှင် မြိုင်ဆေးရုံသို့ သွားရောက်ကုသရန်(၁၃)မိုင်ကွာဝေးပြီး ပခုက္ကူဆေးရုံသို့ သွားရောက်ကုသလျှင်လည်း (၂၀)မိုင် ကွာဝေးခြင်းကြောင့် လျှက်တပြတ် ဖြစ်ပေါ်လာသော လူနာများမှာအခတ်အခဲတွေ့ ရှိနေရပါသည် ငှင်းအခက်အခဲများမှာ (၁၃) မိုင်ဝေးသော မြိုင်ဆေးရုံသို့သွားလျှင်လည်းလမ်းမကောင်း၍ ကြံ့ကြာခြင်း (၂၈)မိုင်ဝေးသော ပခုက္ကူဆေးရုံသို့ သွားရောက်ကုသလျှင်လည်း လမ်းမကောင်း၍ကြံ့ကြာခြင်းများကြောင့်လူနာများမှာ လမ်းခရီးတွင်သေဆုံးနိုင်ပါသည်။ လူနာအများစုထဲမှာ စီးပွားရေး မပြေည့်စုံသော လူနာများဆိုလျှင် ဆေးရုံသို့ သွားရောက်ကုသနိုင်ခြင်းမရှိ၍ အသက်ဆုံးရှုံးခဲ့ရသည်မှာလည်း များပြားခဲ့ပါပြီဆေးရုံသို့ သွားရောက်ကုသသော လူနာများမှာလည်း ငွေကုန် လူပန်းနှင့် ကျန်မာရေးအတွက် ဝင်ငွေထွက်ငွေ မမျှမတ ကြုံတွေ့နေရခြင်းဖြစ်ပါသည်။

